ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

အမှတ်စဉ်(၆၃)

# ကာလာမသုတ် အနှစ်ချုပ်

အဂ္ဂမဟာ ပဏ္ဍိတ
အရှင်နန္ဒမာလာဘိဝံသ (Ph.D)

# မှတ်တမ်း

သာသနာတော်နှစ် ၂၅၅၅ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၃ ခုနှစ်၊ နတ်တော်လဆန်း(၁)ရက်၊ ၂၆-၁၁-၂၀၁၁ (စနေနေ့)၊ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့၊ အကွက်(၂၇၆) ရှမ်းပိုင်းရပ်၊ ၈၆ လမ်း၊ ၃၆x၃၇ လမ်းကြား (၁၅၈)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဓမ္မဒါန အမတဒါန တရားပွဲကြီး၌ ရှမ်းပိုင်းရပ်၊ နှစ်ဖက်သော မိဘများကို အမှူးထား၍ ကိုဝင်းမြင့်အောင်+မဥမ္မာ၊ သမီး မေနံ့သာ(ခ)ဖူးဖူး၊ ဇွန်မိုးပွင့်အောင်(ခ)ဇူးဇူး မိသားစုတို့၏ အမတဒါန၊ ဓမ္မဒါနအဖြစ်ဖြင့်ဟောကြားအပ်သော''ကာလာမသုတ် အနှစ်ချုပ်'' တရားတော်။

* * *

# ကာလာမသုတ် အနှစ်ချုပ်

အင်္ဂုတ္တရနိကာယ်မှာ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က ဟောကြားထားတဲ့ သုတ္တန်တစ်ခုကို ''ကာလာမသုတ် သို့မဟုတ် ကေသမုတ္တိသုတ်'' လို့ အမည်နှစ်မျိုးဖြင့်ထင်ရှားတဲ့သုတ်တစ်သုတ် ဟောကြား ထားတာရှိတယ်။ ဒီသုတ္တန်နဲ့ အလားတူတဲ့ နောက် တစ်သုတ်လည်းရှိတယ်၊ ဘဒ္ဒိယမင်းသားကို ဟောထား တဲ့ သုတ္တန်ဖြစ်တယ်။

ဒီကာလာမသုတ်က ထင်ရှားတယ်။ ဗုဒ္ဓဘာသာကို လေ့လာကြတဲ့ နိုင်ငံခြားသားတွေက ဒီသုတ္တန်ကို အလေးဂရုထားပြီး ညွှန်းဆိုလေ့ရှိကြတယ်။ ဘာဖြစ် လို့တုန်းဆိုတော့ ဒီသုတ္တန်က စဉ်းစားဉာဏ်ကို ဦးစား ပေးပြီး ဟောကြားထားတဲ့သုတ္တန် ဖြစ်လို့ပဲ။ နောက်ဆုံး ဘာသာဝါဒတွေကိုငြင်းပယ်တဲ့ ကွန်မြူနစ်ဝါဒီတွေက တောင် ဒီသုတ္တန်ကို လက်ဆုပ်လက်ကိုင်ပြုပြီး ပြောဆို လေ့ရှိကြတာကို တွေ့ရတယ်။ သို့သော်လည်း ထို ပြောဆိုမှုတွေဟာ ဗုဒ္ဓမြတ်စွာရဲ့အာဘော်မကျဘူး၊ ဒါ သုတ္တန်ကို တလွဲအသုံးချတာဖြစ်တယ်။ မြတ်စွာဘုရား ရဲ့ ရည်ရွယ်ချက် အစစ်ကို နားလည်ဖို့ အင်မတန်မှ အရေးကြီးတယ်။

အဲဒီ တော့ ဒီသုတ္တန်ကို ''ကာလာမသုတ္တန်'' လို့ တော်တော်များများ သိနေကြတယ်။ ဒီသုတ္တန်နဲ့ ပတ်သက်ပြီး ဗုဒ္ဓမြတ်စွာရဲ့ ဆိုဆုံးမခြင်းခံရတဲ့ ပုဂ္ဂိုလ် တွေက ကာလာမ လူမျိုးတွေ၊ ကာလာမ အမျိုးသား တွေပဲ။ သို့သော် ဒီသုတ္တန်ဟောတဲ့ နေရာကတော့ 'ကေသမုတ္တ' ဆိုတဲ့ နိဂုံးရွာကြီးဖြစ်တယ်။ ဒီ ကာလာမ ဆိုတဲ့ လူမျိုးတွေက ကေသမုတ္တဆိုတဲ့ နိဂုံးရွာမှာနေကြ တယ်၊ အဲဒီ တော့ နိဂုံးရွာနာမည်နဲ့ဆိုရင် ကေသမုတ္တ သုတ်လို့ ခေါ်သင့်တယ်။

ပိဋကတ်သုံးပုံမှာ သုတ္တန်တွေကို အမည်ပေးတဲ့ အခါ မြတ်စွာဘုရားကိုယ်တိုင် အမည်ပေးခဲ့တာ ရှိတယ်။ သို့သော် ဘုရားကိုယ်တိုင်အမည်ပေးခဲ့တဲ့သုတ် က အင်မတန်နည်းတယ်၊ နောက်ပိုင်းမှာ သံဂါယနာ ဆရာတွေက မှတ်သားလို့လွယ်အောင် ဟောကြားရာ ဌာနကို ရည်ညွှန်းပြီးတော့ သုတ္တန်တွေရဲ့ နာမည်ကို ပေးတယ်။ ဒီသုတ္တန်တွေထဲမှာ အဓိက ဦးတည်ပြီး တော့ဟောတဲ့ ပုဂ္ဂိုလ်ရဲ့ နာမည်နဲ့လည်း သုတ္တန်တွေကို အမည်ပေးခဲ့တယ်။ ထို သုတ္တန်ထဲမှာပါတဲ့ အကြောင်း အရာ တစ်ရပ်ကို ဖော်ညွှန်းပြီးတော့လည်း သုတ္တန်ရဲ့ နာမည် ပေးကြတယ်။

အခု ဒီ ကာလာမသုတ္တန် ဆိုတာ မြတ်စွာဘုရား ကိုယ်တိုင်က အမည်ပေးခဲ့တဲ့ သုတ္တန်တော့ မဟုတ်ဘူး။ ဒါကြောင့် ဒီသုတ္တန်ရဲ့ နာမည်က နာမည်အမျိုးမျိုး ဖြစ်တာ။ ဟောကြားတဲ့နေရာကို ကြည့်မယ်ဆိုရင်တော့ ကေသမုတ္တ၊ ကေသမုတ္တ ဆိုတဲ့ စကားလုံးတောင်မှ လည်း သီဟိုဠ်မူ အနေနဲ့ပြောမယ်ဆိုရင် ကေသပုတ္တ လို့ပြောရမယ်။ different version ဆိုတဲ့ မူမတူတာ တွေ ရှိတယ်ပေ့ါ။ ကေသပုတ္တ လို့လည်း ခေါ်တယ်၊ ကေသမုတ္တ လို့လည်း ခေါ်တယ်။ ဒါကတော့ နိဂုံးရွာ တစ်ရွာရဲ့နာမည်ဆိုတော့ ဘယ်ဟာအမှန်လို့ပြောဖို့ရာ ခက်တယ်။ ဘာဖြစ်လို့တုန်းဆို သမိုင်းဆိုတာ မှတ်တမ်း တင်တဲ့အခါ အမည်နာမကလည်း ရွေ့လျားပြောင်းလဲ သွားတယ်လေ။ ဒီပြင်နေရာမကြည့်နဲ့၊ ဒီနေ့ မန္တလေး တောင်မှပဲ အမည်နာမတွေ ရွေ့လျား ပြောင်းလဲနေတာ ရှိတာပဲ။ တစ်ခေတ်နဲ့တစ်ခေတ်၊ တစ်ချိန်နဲ့တစ်ချိန် မတူကြဘူးလေ၊ ဘုန်းကြီးတို့ ငယ်စဉ်ကာလက ဒီနားမှာ နေတာ။ ရှမ်းဝိုင်း လို့ ဒီအရပ်ကို ခေါ်ကြတာပေ့ါနော်။ သို့သော်လည်း အခုတော်တော်များများက ရှမ်းဝိုင်းလို့ သိပ်မသိကြဘူး၊ တဖြည်းဖြည်း အမည်နာမဆိုတာ ပြောင်းသွားတာ၊ ဟို ၄၁ လမ်း ပတ်ဝန်းကျင်နား၊ ၈၄ လမ်း ပတ်ဝန်းကျင်၊ ရှေ့တုန်းက ရွာဟိုင်းဈေးလို့ ခေါ်တယ်၊ ရွာဟိုင်းဈေး။ အခု ဒီကနေ့ကျတော့ မန်းမြို့ဈေးဖြစ်နေတယ်၊ ရွာဟိုင်းဈေးလို့ပြောရင် လူ

သိပ်မသိတော့ဘူး၊ မန်းမြို့ဈေးလို့ပြောမှ လူက သိတာကိုး။ မင်းတုန်းမင်းကြီး လက်ထက်တုန်းက နာမည်တွေလည်းပဲ အခုချိန် ပြောင်းသွားတာတွေ ရှိမှာပေါ့။

ခေတ်ကာလအလိုက် နာမည်တွေဟာ အမျိုးမျိုး ပြောင်းလဲပြီးနေတာဖြစ်လို့ နိဂုံးရွာကို ကေသပုတ္တလို့ ခေါ်တာလား၊ ကေသမုတ္တလို့ ခေါ်တာလားဆိုတာ ဒါက အရေးမကြီးတဲ့ အချက်တစ်ခုပဲ။ အဲဒီ တော့ ကေသပုတ္တလို့ခေါ်ချင်ခေါ်၊ ကေသမုတ္တလို့ ခေါ်ချင် ခေါ် ဒီနာမည်ဟာ နိဂုံးရွာရဲ့နာမည်၊ မြတ်စွာဘုရား သခင်ကိုယ်တော်မြတ် တရားဟောခဲ့တဲ့ဒေသပဲ၊ ဒီလိုပဲ မှတ်တမ်းတင်ရမယ်။ သို့သော် ဒီကနေ့ခေတ် ဆဋ္ဌ သံဂါယနာ ပါဠိတော်မှာ နာမည်တပ်ထားတာက ကေသမုတ္တိသုတ်လို့ နာမည်တပ်ထားတယ်။ နိဂုံးရွာ နာမည်က ကေသမုတ္တ၊ ဘာဖြစ်လို့ ကေသမုတ္တိနာမည်နဲ့ သုံးရသလဲ ဆိုတဲ့အခါမှာ ကာလာမ လူမျိုးတွေကို ရည်ညွှန်းတဲ့အခါ ကေသမုတ္တိယာ ကာလာမာ- ကေသမုတ္တ နိဂုံးမှာနေတဲ့ ကာလာမလူမျိုးတွေ၊ တခြား နေရာမှာနေတဲ့ ကာလာမလူမျိုးတွေက ရှိကောင်းရှိနိုင် သေးတာကိုး။ (ဒီနေရာ အရင်က ရှမ်းဝိုင်း ဆိုတာ ရှမ်းတွေနေတာ ဖြစ်လိမ့်မယ်။ အခုတော့ ရှမ်းတွေ မရှိတော့ဘူးနဲ့တူတယ်၊ ရှေးကတော့ ယိုးဒယားဈေး ဆိုလည်း ယိုးဒယားတွေ နေခဲ့တဲ့နေရာ ဖြစ်လောက် တယ်၊ ဘုရင်တွေလက်ထက်က အကွက်ချပြီးတော့ ထားလေ့ရှိတာကိုး။ တဖြည်းဖြည်း ယိုးဒယားကလည်း ဗမာဖြစ်သွား၊ ရှမ်းကလည်း ဗမာဖြစ်သွား၊ တောင်မြို့ အမရပူရမှာဆိုရင်လည်း ကသည်းတို့ဘာတို့ ရှိသေး တယ်။ ဒီနားလေးတောင် ကသည်းဝင်းတို့ ဘာတို့ ရှိသေးတယ်။ ကသည်းဆိုတာ မဏိပူရိတွေကို ခေါ်တာ ပေါ့။ သူတို့ကလည်း တဖြည်းဖြည်း များရာနောက် လိုက်သွားပြီးတော့ ဗမာတွေဖြစ်ကုန်တော့ ကသည်း ဆိုတာ ပျောက်သွားကြတယ်။ ဒီလိုပဲဖြစ်မှာပေါ့နော်၊ သဘာဝ တရားကြီးရဲ့ ပြောင်းလဲမှု။) အဲဒီ မှာလည်း ကာလာမလူမျိုးတွေက ကေသမုတ္တမှာနေတဲ့ ကာလာမ လူမျိုးတွေကို ပါဠိစာပေနဲ့ ကေသမုတ္တိယာ ကာလာမာ ကေသမုတ္တနိဂုံးရွာမှာနေကြတဲ့ ကာလာမ အမျိုးသား

တွေလို့ အဲဒီ သုံးတဲ့စကားလုံးကိုကြည့်ပြီး ကေသမုတ္တိယ သုတ်လို့ နာမည်ပေးရာကနေပြီးတော့ ယ,ဖြုတ်ပြီး တော့ ကေသမုတ္တိ လို့ ဒီလိုခေါ်လာတာ ဖြစ်တယ်၊

*